မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၅ ]　ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် ) } သောကြာနေ့　[ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

**ဗိုလ်ရှုခံ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော **ဗိုလ်ရှုခံ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ** ကို ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၂)<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်ချုပ်ကြီးလှဌေးဝင်း<br>ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း/ရေ/လေ) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဗိုလ်ချုပ်ကြီးကိုကို<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်<br>ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးဝဏ္ဏမောင်လွင်<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| (၇) | ဦးရဲထွဋ်<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးအေးမြင့်ကြူ<br>ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးကျော်လွင်<br>ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်ချုပ်မောင်မောင်အေး<br>တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၁၂) | ဦးသောင်းတင်<br>ဒုတိယဝန်ကြီး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာဇော်မင်းအောင်<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာသိန်းသိန်းဌေး<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာလင်းအောင်<br>ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဒေါက်တာစန်းလွင်<br>ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဒေါက်တာတင်ရွှေ<br>ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ရဲချုပ်ဇော်ဝင်း<br>ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၁၉) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး | အဖွဲ့ဝင် |

(၂၀) ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၂၁) ဦးတင်မြင့် — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**
**ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ**
**အမိန့်ကြော်ငြာစာအမှတ် (၉၂/ ၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် )

## ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေ ပုဒ်မ ၂၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ဆိုသည်။

(ခ) **အဆိုပြုတင်ပြချက်**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့က အဆိုပြုတင်ပြသည့် လုပ်ငန်းများကို ဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်

၃။ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ခွင့်ပြုပြီးဖြစ်သော ဖွံ့ဖြိုးရေးရန်ပုံငွေ များကို သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများ၌ စနစ်တကျသုံးစွဲနိုင်စေရန်၊

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်မြေများအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောက်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး စနစ်တကျရှိစေရန်၊

(ဂ) သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူတို့၏ အဓိကလိုအပ်ချက်များကို ပြည်သူများနှင့် ပူးပေါင်း၍ လက်တွေ့ကျကျ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရန်၊

(ဃ) မြို့နယ်အလိုက် သုံးစွဲရန် ခွင့်ပြုထားသော ဘဏ္ဍာငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လွယ်ကူရှင်းလင်းစွာ စနစ်တကျဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## ဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဉ်လျာထားခွင့်ပြုခြင်း

၄။ ဗဟိုကော်မတီသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့် ခွဲဝေချထားပေးသော ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာမြို့နယ်များက ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် **ပုံစံ (၁)** ဖြင့် တင်ပြတောင်းခံလာသည့်အခါ စိစစ်၍ ယင်းမြို့နယ်များသို့ **ပုံစံ (၂)** ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။

## အခန်း (၄)
## မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

၅။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဥပဒေပါ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြို့နယ်အတွင်း ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များအား ဒေသခံပြည်သူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့နှင့် တွေ့ဆုံညှိနှိုင်းပြီး ဦးစားပေးဆောင်ရွက်သင့်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်သတ်မှတ်ပြီး အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း မိတ္တူတစ်စောင်နှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေသုံးစွဲခွင့်တောင်းခံခြင်း အဆိုပြုချက်ပုံစံ (၁) ဖြင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအဖြစ် လွှဲပြောင်းပေးပို့သော ငွေကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ် ဘဏ်ခွဲများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစီအစဉ်အောက်၌ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအမည်ဖြင့် ငွေစာရင်း ဖွင့်လှစ်ပြီး ငွေထုတ်သူအရာရှိအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ဦးစီးမှူး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ဗဟိုကော်မတီသို့ပေးပို့ခြင်း၊

(ဂ) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အတည်ပြုဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအား တာဝန်ခံယူဆောင်ရွက်စေခြင်း၊

(ဃ) ဥပဒေအရ အကောင်အထည်ဖော်သော လုပ်ငန်းများ မှန်ကန်ထိရောက်မှုရှိစေရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအား မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် ခွင့်ပြုတာဝန်ပေးအပ်ခြင်း၊

(င) လုပ်ငန်းဆောင်ရွက်ရာတွင် အချိန်မီပြီးစီးနိုင်စေရေးအတွက် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ငွေထုတ်ပေးခြင်းနှင့် လုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(စ) ဖွံ့ဖြိုးရေးလုပ်ငန်းအလိုက်တင်ပြလာသော လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာများကိုစုစည်း၍ ဗဟိုကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ရန်ပုံငွေများထုတ်ယူခြင်းနှင့်သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရာ၌ ဘဏ္ဍာရေးစည်းမျဉ်းပါ သတ်မှတ်ချက်များနှင့် ညီညွတ်စေရန် ကြီးကြပ်ခြင်း၊

(ဇ) လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျထိန်းသိမ်း၍ စာရင်းဇယားများပြုစုခြင်းနှင့် ယင်းမှတ်တမ်းအထောက်အထားများနှင့် စာရင်းဇယားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ထိန်းသိမ်းထားရှိခြင်း၊

(ဈ) လုပ်ငန်းတစ်ခုလျှင် ကျပ်သိန်းငါးဆယ် (၅,၀၀၀,၀၀၀/-) ထက်မပိုသောလုပ်ငန်းများကိုသာ စိစစ်ဆောင်ရွက်ခြင်း၊

(ည) လုပ်ငန်းများကို အဆိုပြုတင်ပြရာတွင် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်း သို့မဟုတ် ခွင့်ပြုချက်ရရှိပြီးသည့်လုပ်ငန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ ခွင့်ပြုထားသော စီမံကိန်းလုပ်ငန်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်သည့် လုပ်ငန်းများမဖြစ်ရန် စိစစ်ခြင်း၊

(ဋ) ဒေသခံပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သော အောက်ပါလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်း -

(၁) သောက်သုံးရေရရှိရေးလုပ်ငန်းများ၊

(၂) ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊

(၃) မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်းများ။

(ဌ) ရွေးချယ်ဆောင်ရွက်သောလုပ်ငန်းများသည် သက်ဆိုင်ရာနယ်မြေရှိ ပြည်သူများအတွက် အမှန်တကယ် ဆောင်ရွက်ပေးသင့်ပြီး ယင်းပြည်သူများကလည်း အမှန်တကယ် လက်ခံနိုင်သည့် လုပ်ငန်းများဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဍ) လုပ်ငန်းများကို ရွေးချယ်အဆိုပြုရာ၌ ကုန်ကျစရိတ်မကြီးမြင့်ဘဲ ဒေသအတွက် အမှန်တကယ်အကျိုးရှိမည့် လုပ်ငန်းဖြစ်ရမည်ဆိုသည့်မူကို အလေးထားဆောင်ရွက်ခြင်း၊

(ဎ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်သတ်မှတ်ရာတွင် အငြင်းပွားမှုဖြစ်ပေါ်လာပါက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ခြင်း၊

(ဏ) အဆိုပြုတင်ပြချက်တွင် အောက်ပါအချက်များပြည့်စုံစွာ ထည့်သွင်းဖော်ပြခြင်း -

(၁) မြို့နယ်အမည်နှင့် အကောင်အထည်ဖော်မည့် ရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စုအမည်၊

(၂) လုပ်ငန်းအမည်နှင့်အမျိုးအစား၊

(၃) လုပ်ငန်းပမာဏအတိုင်းအတာ၊

(၄) ရန်ပုံငွေလိုအပ်ချက်၊

(၅) လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်နည်းလမ်း၊

(၆) အခြားလိုအပ်သောအချက်အလက်များ။

(တ) လုပ်ငန်းဆောင်ရွက်သည့်နေရာသို့ အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းပြီးစီးမှုကိုစစ်ဆေးပြီး လုပ်ငန်းပြီးစီးမှုအစီရင်ခံစာပုံစံ (၃) ကို အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်၊ အတည်ပြုချက်တို့နှင့် ပူးတွဲလျက် ဗဟိုကော်မတီသို့ ပေးပို့တင်ပြခြင်း၊

(ထ) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏ အင်အားနှင့် ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းကို အလေးထားအသုံးပြုစေခြင်း၊

(ဒ) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်မှုများကို ထင်သာမြင်သာရှိသော လုပ်ဆောင်မှုများဖြစ်စေရေးအတွက် ကြီးကြပ်ခြင်း၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ထိရောက်စွာ သုံးစွဲနိုင်ရေးတို့အတွက် ကြပ်မတ်ခြင်း၊

(ဓ) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ မြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ သဘောထားပါ ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် သက်ဆိုင်ရာဒေသခံ တိုင်းရင်းသားရေးရာဝန်ကြီးများကို ဖိတ်ကြား၍ အကြံဉာဏ်များ ရယူညှိနှိုင်းဆောင်ရွက်ခြင်း၊

(န) ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သော လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့၏ စစ်ဆေးမှုကိုခံယူခြင်း၊

(ပ) အပိုဒ်ခွဲ (ဋ)၊ အပိုဒ်ခွဲငယ် (၃) ပါ ခွင့်ပြုထားသောလုပ်ငန်းများမှာ အထူးခွင့်ပြုထားသော လုပ်ငန်းများဖြစ်သဖြင့် ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်ကြောင်းကို လုပ်ငန်းတစ်ခုချင်းအလိုက် သီးခြားအစီရင်ခံစာဖြင့် ရေးသားပြုစု၍ ခွင့်ပြုချက်တင်ပြ တောင်းခံရန်လိုအပ်ခြင်း၊

(ဖ) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို သက်ဆိုင်ရာမြို့နယ်၏ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များထဲမှ တစ်ဦးကို ညှိနှိုင်း၍ဖြစ်စေ၊ သို့တည်းမဟုတ် သက်ဆိုင်ရာမြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး၍ဖြစ်စေ ရွေးချယ်တာဝန်ပေးအပ်ရမည်။ ဥက္ကဋ္ဌတာဝန်ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထဲမှ တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိလျှင် သက်ဆိုင်ရာမြို့နယ်၏ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်တာဝန်ပေးအပ်ရမည်။

## အခန်း (၅)
## ငွေထုတ်ယူသုံးစွဲခြင်း

၆။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီက တင်ပြလာသော လုပ်ငန်းပြီးစီးမှုအခြေအနေကို စစ်ဆေးပြီး ဆောင်ရွက်ပြီးစီးမှု အတိုင်းအတာအတွက် ဘဏ်ငွေစာရင်းမှ ငွေထုတ်ယူပေးချေရမည်။

၇။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ တာဝန်ခံတင်ပြချက်အရ လိုအပ်သောငွေကို ကြိုတင်၍ စိစစ်ထုတ်ပေးနိုင်သည်။

၈။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတင်ပြချက်နှင့် ငွေလက်ခံရရှိကြောင်း အထောက်အထားများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ ထောက်ခံချက်ဖြင့် ရယူထားရှိရမည်။

## အခန်း (၆)
## လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာပေးပို့တင်ပြခြင်း

၉။ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများအတွက် ငွေပေးချေပြီးစီးပါက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် -

(က) လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာကို ပုံစံ(၃) ဖြင့် ပြည့်စုံစွာပြုစု၍ ဗဟိုကော်မတီသို့ ပေးပို့ရမည်။

( ခ ) အစီရင်ခံစာပြုစုရာတွင် လုပ်ငန်းအမျိုးအမည်၊ လုပ်ငန်းပမာဏ (အရွယ်အစား)၊ လုပ်ငန်းအကောင်အထည်ဖော်သည့်နည်းလမ်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အထောက်အထားဓာတ်ပုံမှတ်တမ်း၊ ခွင့်ပြုရန်ပုံငွေ၊ သုံးစွဲပြီးရန်ပုံငွေ၊ ငွေပေးချေပြီးစီးမှုပြေစာ အထောက်အထားတို့နှင့်တကွ ပြည့်စုံစွာ ပူးတွဲဖော်ပြလျက် ဗဟိုကော်မတီသို့ ပေးပို့တင်ပြရမည်။

## အခန်း (၇)
## လုပ်ငန်းနှင့် စာရင်းစစ်ဆေးမှုခံယူခြင်း

၁၀။ ဗဟိုကော်မတီသည် ဆောင်ရွက်ပြီးစီးသော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲမှုကို စစ်ဆေးနိုင်ရန် လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၁။ ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သော လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့သည် ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲမှုများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ စစ်ဆေးရေးရည်မှန်းချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်ပြီး အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြရမည် -

( က ) မူလကချမှတ်ခဲ့သော လုပ်ငန်း၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

( ခ ) လုပ်ငန်းများကို ဆောင်ရွက်ရန် ဘဏ္ဍာငွေများ ထိန်းသိမ်းခွဲဝေသုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

( ဂ ) လုပ်ငန်းများကို စစ်ဆေးရာတွင် ထူးခြားသော အကြောင်းအရာတွေ့ရှိပါက ကော်မတီသို့ ဆောလျင်စွာ တင်ပြခြင်း။

၁၂။ ဗဟိုကော်မတီသည် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ရန်ပုံငွေသုံးစွဲမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရုံးများက နှစ်စဉ်စစ်ဆေးနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၈)
## အထွေထွေ

၁၃။ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် တာဝန်ရှိသူများသည် လုပ်ငန်းများဆောင်ရွက်ရာ၌ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ကို တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၁-၁၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၃ ဖြင့် ထုတ်ပြန်ခဲ့သော ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၁၀-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄) ၏ ပုံစံ (၁)

**မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့**

**. . . . . . . . . . . မြို့နယ်၊ . . . . . . . တိုင်းဒေသကြီး/ပြည်နယ်**

**(၂၀. . . . /၂၀. . . . . ဘဏ္ဍာရေးနှစ်အတွက်)**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ် လ ရက်

သို့

ဥက္ကဋ္ဌ
ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ
ပြည်ထောင်စုလွှတ်တော်
နေပြည်တော်

အကြောင်းအရာ။ **ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခွင့်နှင့် ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄)

၁။ ရည်ညွှန်းပါ ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅ (က) အရ . . . . . . . . . . . မြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်နှင့် ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲခြင်းတို့အတွက် ခွင့်ပြုမိန့် ထုတ်ပေးနိုင်ပါရန် ပူးတွဲ (၁) ပါ အသေးစိတ်စာရင်းများဖြင့် အောက်ပါအတိုင်း တင်ပြတောင်းခံအပ်ပါသည် -

(က) သောက်သုံးရေရရှိရေးလုပ်ငန်း ( ) ခု အတွက် ခန့်မှန်းကုန်ကျငွေ (. . . . . . . . . . .) ကျပ်၊

(ခ) ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်း ( ) ခု အတွက် ခန့်မှန်းကုန်ကျငွေ (. . . . . . . . . . .) ကျပ်၊

(ဂ) မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်း ( ) ခု အတွက် ခန့်မှန်းကုန်ကျငွေ (. . . . . . . . . . .) ကျပ်၊
(၎င်းလုပ်ငန်းများအတွက် သီးခြားအစီရင်ခံစာများ ပူးတွဲတင်ပြပါသည်)

(ဃ) အထွေထွေကုန်ကျစရိတ်အတွက် ခန့်မှန်းကုန်ကျငွေ (. . . . . . . . . . .) ကျပ်၊

(င) စုစုပေါင်းတင်ပြတောင်းခံငွေ ခန့်မှန်းကုန်ကျငွေ (. . . . . . . . . . .) ကျပ်။

၂။ အထက်ပါ ခန့်မှန်းကုန်ကျငွေများသည် ဒေသပေါက်ဈေးနှုန်းများနှင့် ကိုက်ညီစွာ တင်ပြတောင်းခံခြင်း ဖြစ်ပါကြောင်းနှင့် အထက်ပါလုပ်ငန်းများကို ၂၀. . . . /၂၀. . . . ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ရာခိုင်နှုန်းပြည့် ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း
အကောင်အထည်ဖော်ရေးအဖွဲ့
. . . . . . . . လွှတ်တော်ကိုယ်စားလှယ်
. . . . . . . . . . . . . . . မဲဆန္ဒနယ်မြေ
. . . . . . . . တိုင်းဒေသကြီး/ပြည်နယ်

မိတ္တူကို
ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၁၀-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄) ပုံစံ (၁) ၏ ပူးတွဲ (၁)

.... ဘဏ္ဍာရေးနှစ်အတွင်း ........ မြို့နယ် ....... တိုင်းဒေသကြီး/ပြည်နယ်အတွက် လျာထားသတ်မှတ်ခွင့်ပြုထားသော ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် (၁၀၀၀) သိန်းဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်ရန် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ တင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးအစားများနှင့် ရန်ပုံငွေလိုအပ်ချက်စာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာ အုပ်စု | ရပ်ကွက်/ ကျေးရွာ | ဆောင်ရွက်လိုသော လုပ်ငန်းအမည်နှင့် လုပ်ငန်း အမျိုးအစား | လုပ်ငန်းပမာဏ အတိုင်းအတာ | ရန်ပုံငွေလိုအပ်ချက် (ခန့်မှန်းကုန်ကျငွေ) | | လုပ်ငန်း၏ အကောင်အထည်ဖော် ဆောင်ရွက်မည့် နည်းလမ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | ကျပ် | ပြား | | |
| | | | | | | | | |
| | | | စုစုပေါင်း | | | | | |

အထက်ဖော်ပြပါ ဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစားနှင့် ရန်ပုံငွေလိုအပ်ချက်များမှာ ဒေသခံရပ်ကွက်/ကျေးရွာလူထုအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ မှန်ကန်ကြောင်း အတည်ပြု တင်ပြအပ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| လက်မှတ်၊ | ........... | လက်မှတ်၊ | ........... | လက်မှတ်၊ | ........... |
| အမည်၊ | ........... | အမည်၊ | ........... | အမည်၊ | ........... |
| ရာထူး၊ | ဥက္ကဋ္ဌ<br>မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ | ရာထူး၊ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ | ရာထူး၊ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ |

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၁၀-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄) ၏ ပုံစံ (၂)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ**

စာအမှတ်၊
ရက်စွဲ၊ ခုနှစ် လ ရက်

သို့
ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့
---------------- မြို့နယ်

ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီသည် - - - - - - - - - - - - မြို့နယ်သို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်၊ ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရန်၊ ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ ဤခွင့်ပြုချက်ကို ထုတ်ပေးလိုက်သည် -

(က) ခွင့်ပြုမိန့်အမှတ်။ - - - - - - - - - - - - - - - - - - - -
(ခ) လုပ်ငန်းအမည်။ - - - - - - - - - - - - - - - - - - - -
(ဂ) မြို့နယ်အမည်။ - - - - - - - - - - - - - - - - - - - -
(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်။ - - - - - - - - - - - - - - - - - - - -
(င) ဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစား။ - - - - - - - - - - - - - - - - - - - -
(စ) တည်ဆောက်ရေးကာလ။ - - - - - - - - - - - - - - - - - - - -
(ဆ) ဆောင်ရွက်မည့်အဖွဲ့အစည်း/ပုဂ္ဂိုလ်။ - - - - - - - - - - - - - - - - - - - -
(ဇ) သုံးစွဲမည့်ဖွံ့ဖြိုးရေးရန်ပုံငွေ။ - - - - - - - - - - - - - - - - - - - -

ဥက္ကဋ္ဌ
ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ
ပြည်ထောင်စုလွှတ်တော်

မိတ္တူကို
- - - - - - - - - - - - - - ကော်မတီ (ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး) သို့ သိရှိနိုင်ပါရန်နှင့် လိုအပ်သလိုဆောင်ရွက်နိုင်ပါရန် ပေးပို့ပါသည်။

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၁၀-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄) ၏ ပုံစံ (၃)

**မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့**

**. . . . . . . . . . . မြို့နယ်၊ . . . . . . . တိုင်းဒေသကြီး/ပြည်နယ်**

**(၂၀. . . . /၂၀. . . . . ဘဏ္ဍာရေးနှစ်အတွက်)**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ် လ ရက်

သို့

ဥက္ကဋ္ဌ
ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ
ပြည်ထောင်စုလွှတ်တော်
နေပြည်တော်

အကြောင်းအရာ။ **ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာတင်ပြခြင်း**

ရည်ညွှန်းချက်။ (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄)

(၂) ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုမိန့်များကို ဖော်ပြရန်

၁။ ရည်ညွှန်း (၂) ပါ ခွင့်ပြုမိန့်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပါသည် -

(က) သောက်သုံးရေ ရရှိရေးလုပ်ငန်း ( ) ခု အတွက် ခန့်မှန်းကုန်ကျငွေ (. . . . . . . . . . .) ကျပ်၊

(ခ) ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်း ( ) ခု အတွက် ခန့်မှန်းကုန်ကျငွေ (. . . . . . . . . . .) ကျပ်၊

(ဂ) မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်း ( ) ခု အတွက် ခန့်မှန်းကုန်ကျငွေ (. . . . . . . . . . .) ကျပ်၊

(ဃ) အထွေထွေကုန်ကျစရိတ်အတွက် ခန့်မှန်းကုန်ကျငွေ (. . . . . . . . . . .) ကျပ်၊

(င) စုစုပေါင်း ခွင့်ပြုငွေ (. . . . . . . . . . .) ကျပ်။

၂။ အထက်ပါ ခွင့်ပြုသည့် လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ရာခိုင်နှုန်းပြည့် ပြီးမြောက်အောင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း အောက်ပါစာရွက်စာတမ်းများနှင့်အတူ တင်ပြအပ်ပါသည် -

(က) ပူးတွဲ (၁) လုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှု ဖော်ပြချက်ဇယားကို အောက်ပါ နောက်ဆက်တွဲများဖြင့် တင်ပြအပ်ပါသည် -

(၁) နောက်ဆက်တွဲ (က) လုပ်ငန်းပြီးစီးမှု မှတ်တမ်းဓာတ်ပုံများ

(၂) နောက်ဆက်တွဲ (ခ) ငွေပေးချေ/လက်ခံရရှိမှု ပြေစာများ

(၃) နောက်ဆက်တွဲ (ဂ) အသေးသုံး/အထွေထွေအသုံးစရိတ် ရှင်းလင်းချက်

(ခ) ပူးတွဲ (၂) အစည်းအဝေးမှတ်တမ်း

(ဂ) ပူးတွဲ (၃) လုပ်ငန်းအပ်နှံမှု စာချုပ်များ (ရှိလျှင်)

ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း
အကောင်အထည်ဖော်ရေးအဖွဲ့
. . . . . . . . . လွှတ်တော်ကိုယ်စားလှယ်
. . . . . . . . . . . . . . . . မဲဆန္ဒနယ်မြေ
. . . . . . . . . တိုင်းဒေသကြီး/ပြည်နယ်

မိတ္တူကို
ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၁၀-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄) ပုံစံ (၃) ၏ ပူးတွဲ (၁)

.... ဘဏ္ဍာရေးနှစ်အတွင်း ........ မြို့နယ် ....... တိုင်းဒေသကြီး/ပြည်နယ်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီမှ ခွင့်ပြုထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ရာခိုင်နှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာ၏ အသေးစိတ်ဖော်ပြချက်ဇယား

| စဉ် | ရပ်ကွက်/ ကျေးရွာ အုပ်စု | ရပ်ကွက်/ ကျေးရွာ | ဆောင်ရွက်ပြီး လုပ်ငန်းအမည်နှင့် လုပ်ငန်း အမျိုးအစား | ဆောင်ရွက်ပြီး လုပ်ငန်းပမာဏ အတိုင်းအတာ | ခွင့်ပြုရန်ပုံငွေ | | သုံးစွဲကုန်ကျငွေ | | ရာခိုင်နှုန်းပြည့်ပြီးစီးကြောင်း ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့၏ ထောက်ခံချက် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျပ် | ပြား | ကျပ် | ပြား | အမည် | လက်မှတ် | |
| | | | | | | | | | | | |
| | | | စုစုပေါင်း | | | | | | | | |

အထက်ဇယားပါ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ခွင့်ပြုသည့် ဘဏ္ဍာရေးနှစ်အတွင်း ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း နောက်ဆက်တွဲ (က) (ခ) (ဂ) တို့ဖြင့် အတည်ပြုတင်ပြအပ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| လက်မှတ်၊ | ........... | လက်မှတ်၊ | ........... | လက်မှတ်၊ | ........... |
| အမည်၊ | ........... | အမည်၊ | ........... | အမည်၊ | ........... |
| ရာထူး၊ | ဥက္ကဋ္ဌ<br>မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ | ရာထူး၊ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ | ရာထူး၊ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

### ဦးစီးအရာရှိရာထူးခန့်ထားခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် နေ့စွဲပါ စာအမှတ်၊ ၂၄/၁၄၃ - ပြောင်းရွှေ့/အဖရ (၂၀၁၄) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော စက်မှုဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့် နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | ခန့်အပ်သည့်ရာထူး | ခန့်အပ်တာဝန်ချထားသည့်ရုံး |
|---|---|---|---|
| (၁) | ဦးအေးမင်းဝင်း | ဦးစီးအရာရှိ | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် |
| (၂) | ဒေါ်နွဲ့နွဲ့ခိုင် | ॥ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် |
| (၃) | ဒေါ်ယဉ်နွယ်နွယ် | ॥ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် |
| (၄) | ဦးအောင်ခင်မြင့် | ॥ | ကရင်ပြည်နယ် |
| (၅) | ဒေါ်သန်းသန်းစိုး | ॥ | ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ် |
| (၆) | ဦးဝင်းမြင့်ဦး | ॥ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

### ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးတိုးမြှင့်ခန့်ထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာနမှ ညွှန်ကြားရေးမှူး လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ဦးနေမျိုးအား ဤကော်မရှင်ရုံးတွင်လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲဆိုင်ရာ) လစာနှုန်း (၂၂၀,၀၀၀-၂,၀၀၀-၂၃၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တစ်နှစ်အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

**ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံးမှ ဒုတိယရုံးအဖွဲ့မှူး (ညွှန်ကြားရေးမှူး) ဦးညွန့်တင်အား ဤကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော ရွေးကောက်ပွဲခုံရုံးဌာန၊ ညွှန်ကြားရေးမှူး ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၄**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကို ဆိုသည်။

(ခ) **လုပ်ငန်း**ဆိုသည်မှာ ပုံနှိပ်ခြင်းလုပ်ငန်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းကို ဆိုသည်။

(ဂ) **နိုင်ငံသား**ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကို ဆိုသည်။

(ဃ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသားမဟုတ်သူကို ဆိုသည်။

(င) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများအရ သတ်မှတ်ပြဋ္ဌာန်းထားသည့်ပုံစံကို ဆိုသည်။

(စ) **သတင်းစာ**ဆိုသည်မှာ နေ့စဉ်ဖြစ်ပျက်နေသော ပြည်တွင်းပြည်ပသတင်းများ၊ ယင်းတို့နှင့် စပ်လျဉ်းသော ရေးသားဖော်ပြမှုများကို နေ့စဉ် သို့မဟုတ် အပတ်စဉ် သို့မဟုတ် ပုံမှန်ကာလအပိုင်း အခြားဖြင့်ထုတ်ဝေသည့် ထုတ်ဝေစာကို ဆိုသည်။

(ဆ) **ဂျာနယ်**ဆိုသည်မှာ နေ့စဉ်ဖြစ်ပျက်နေသော သတင်းများအပါအဝင် ဘာသာရပ်တစ်ခုခုနှင့် ပတ်သက်၍ သုံးသပ်ချက်များ၊ ဆန်းစစ်ဝေဖန်ချက်များ၊ ဆောင်းပါးများပါဝင်သော ပုံမှန်ထုတ်ဝေသည့် ထုတ်ဝေစာကို ဆိုသည်။

(ဇ) **မဂ္ဂဇင်း**ဆိုသည်မှာ အများပြည်သူဆိုင်ရာ သတင်းနှင့် ယင်းသတင်းအပေါ် သုံးသပ်ချက်များ အပါအဝင် အကြောင်းအရာမျိုးစုံပါဝင်သည့် ထုတ်ဝေစာကို ဆိုသည်။

(ဈ) **အထွေထွေထုတ်ဝေစာ**ဆိုသည်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့မှအပ ကျန်ထုတ်ဝေစာများကို ဆိုသည်။

## အခန်း (၂)

## အသိအမှတ်ပြုလက်မှတ်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် အခကြေးငွေပေးသွင်းခြင်း

၃။ လုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းကိုမဆောင်ရွက်မီ ဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် ရရှိရန် လျှောက်ထားရမည်။

၄။ (က) ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ လုပ်ငန်းလုပ်ကိုင်လိုသော နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားသည် အောက်ပါစည်းကမ်းချက်များနှင့်အညီ အသိအမှတ်ပြုလက်မှတ် လျှောက်ထားရမည် -

(၁) လျှောက်ထားသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်၊

(၂) လျှောက်ထားသူသည် နိုင်ငံခြားသားဖြစ်ပါက လျှောက်ထားသည့် လုပ်ငန်းအတွက် မြန်မာ နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်မိတ္တူ ပူးတွဲတင်ပြရမည်၊

(၃) လျှောက်ထားသူသည် နိုင်ငံသားပိုင် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ မှတ်ပုံတင်လက်မှတ်မိတ္တူပူးတွဲ တင်ပြရမည်၊

(၄) ပုံနှိပ်လုပ်ငန်းလုပ်ရန် လျှောက်ထားခြင်းဖြစ်ပါက ပုံနှိပ်စက်နှင့်စပ်လျဉ်းသည့် အရောင်း အဝယ်ပြေစာမိတ္တူ သို့မဟုတ် တစ်ဆင့် ဝယ်ယူခြင်းအတွက် အရောင်းအဝယ်စာချုပ်မိတ္တူ တင်ပြရမည်၊

(၅) လုပ်ငန်းအမည်နှင့် တံဆိပ်အမှတ်အသားတို့ကို ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်ရမည်။

(ခ) နည်းဥပဒေ ၃ အရ လျှောက်ထားရာတွင် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် ပုံစံ ၁၊ ထုတ်ဝေခြင်း လုပ်ငန်းအတွက် သတင်းစာထုတ်ဝေရန်ဖြစ်ပါက ပုံစံ ၂၊ ဂျာနယ်ထုတ်ဝေရန်ဖြစ်ပါက ပုံစံ ၃၊ မဂ္ဂဇင်း ထုတ်ဝေရန်ဖြစ်ပါက ပုံစံ ၄၊ အထွေထွေထုတ်ဝေရန်ဖြစ်ပါက ပုံစံ ၅၊ သတင်းအေဂျင်စီလုပ်ငန်း အတွက် ပုံစံ ၆ တို့ဖြင့် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ လျှောက်ထားရမည်။

(ဂ) သတင်းစာထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားသူသည် လျှောက်လွှာပုံစံ ၂ နှင့်အတူ အောက်ပါ အချက်အလက်များ ပူးတွဲတင်ပြရမည် -

(၁) တစ်ဦးတည်းပိုင် သို့မဟုတ် အစုစပ်ပိုင် သို့မဟုတ် အသင်းအဖွဲ့ပိုင် သို့မဟုတ် ကုမ္ပဏီပိုင် စသည့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊

(၂) အစုစပ်၊ အသင်းအဖွဲ့၊ ကုမ္ပဏီဖြစ်ပါက ရင်းနှီးမြှုပ်နှံမှုအချိုးအစား၊

(၃) ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်။

၅။ လျှောက်ထားသူသည် နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်လျှောက်လွှာပုံစံကို ရုံးခွန်တံဆိပ်ခေါင်း ကျပ် ၃၀၀ တန်ကပ်ပြီး ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၆။ ဝန်ကြီးဌာနသည် တင်ပြလာသော လျှောက်လွှာအားစိစစ်၍ ပြည့်စုံမှန်ကန်မှုရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ဖြစ်ပါက လျှောက်ထားသူအား သတ်မှတ်အခကြေးငွေ ကျပ်ငါးသောင်းကို သတ်မှတ်ငွေစာရင်းသို့ ချလန်ဖြင့် ပေးသွင်းစေရန် လျှောက်ထားသည့်နေ့ရက်မှစ၍ ၂၁ ရက်အတွင်း အကြောင်းပြန်ကြားရမည်။

၇။ ဝန်ကြီးဌာနသည် ချလန်ရရှိပါက ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ် ပုံစံ ၇ ကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ် ပုံစံ ၈ ကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ် ပုံစံ ၉ ကိုလည်းကောင်း ၃ ရက်အတွင်းထုတ်ပေးရမည်။

၈။ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ရထားသူသည် မိမိလုပ်ငန်းကို ဝက်ဘ်ဆိုက်တွင် လွှင့်တင်ပါက ဝက်ဘ်ဆိုက်လိပ်စာကို စတင်အသုံးပြုသည့် နေ့ရက်မှစ၍ ၁၄ ရက်အတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်။

၉။ (က) နည်းဥပဒေ ၇ အရ ထုတ်ပေးသည့်အသိအမှတ်ပြုလက်မှတ်သည် အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်မှအပ ထုတ်ပေးသည့်နေ့ရက်မှစ၍ ၅ နှစ်အထိ အတည်ဖြစ်စေရမည် -

(၁) အသိအမှတ်ပြုလက်မှတ်ရရှိသူသေဆုံးပြီး ရက်ပေါင်း ၆၀ အတွင်း အမည်ပြောင်းလဲခွင့် လျှောက်ထားမှု မပြုခြင်း၊

(၂) ၂ နှစ် ဆက်တိုက် လုပ်ငန်းဆောင်ရွက်မှု မရှိခြင်း၊

(၃) လုပ်ငန်းလွှဲပြောင်းပေးခြင်း၊

(၄) အစုရှယ်ယာ အများစုပိုင်ဆိုင်မှု ပြောင်းလဲခြင်းရှိပါက ပြောင်းလဲသည့် အခြေအနေကို ဝန်ကြီးဌာနသို့ ရက်ပေါင်း ၆၀ အတွင်း အသိပေးတင်ပြမှု မပြုခြင်း၊

(၅) လုပ်ငန်းလုပ်ကိုင်နိုင်စွမ်းမရှိကြောင်း ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားခြင်း၊

(၆) လုပ်ငန်းနှင့်သက်ဆိုင်သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ဖျက်သိမ်းခြင်း၊

(၇) ဥပဒေအရ လုပ်ငန်းရပ်သိမ်းခံရခြင်း။

(ခ) နည်းဥပဒေခွဲ (က) ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ထိုနေ့ရက်မှစ၍လည်းကောင်း၊ လုပ်ငန်းဖျက်သိမ်းလျှင် လုပ်ငန်းဖျက်သိမ်းသည့်နေ့ရက်မှစ၍လည်းကောင်း၊ ဥပဒေပုဒ်မ ၆ အရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်းခံရလျှင် ရုပ်သိမ်းခံရသည့်နေ့ရက်မှစ၍ လည်းကောင်း ရက်ပေါင်း ၆၀ အတွင်း အသိအမှတ်ပြုလက်မှတ်ကို ဝန်ကြီးဌာနသို့အပ်နှံရမည်။

(ဂ) ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဝန်ကြီးသည် ပြန်လည်စိစစ်သုံးသပ်ပေးရန် လျှောက်လွှာရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း မူလဆုံးဖြတ်ချက်အား အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို အမိန့် ချမှတ်ရမည်။ အကယ်၍ မူလဆုံးဖြတ်ချက်ကို ပယ်ဖျက်ပါက ၁၄ ရက်အတွင်း အသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ထုတ်ပေးရမည်။

၁၀။ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ ပြန်လည်စိစစ်သုံးသပ်ပေးရန် လျှောက်ထားသူသည် အမိန့်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံသို့ လျှောက်ထားနိုင်သည်။

၁၁။ ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားသူသည် အောက်ပါပုံနှိပ်စက် အမျိုးအစားများအတွက် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(က) ပုံနှိပ်သည့်စက်များ၊ Letter Press, Offset, Gravure and Flexo Printing Machine (ပလတ်စတစ်ရိုက်စက်များ အပါအဝင်)၊

(ခ) Digital Printing Machine၊

(ဂ) Computer to Plate Machine၊

(ဃ) အခါအားလျော်စွာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သော ပုံနှိပ်စက် အမျိုးအစားများ။

၁၂။ လုပ်ငန်းလုပ်ကိုင်သူသည် သက်ဆိုင်ရာလုပ်ငန်းအလိုက် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) အသိအမှတ်ပြုလက်မှတ်ကို အခြားသူတစ်ဦးတစ်ယောက်ထံ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းမပြုရ၊

(ခ) အသိအမှတ်ပြုလက်မှတ်ပါ အကြောင်းအရာများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း မပြုလုပ်ရ၊

(ဂ) ပုံနှိပ်လုပ်ငန်း အသိအမှတ်ပြုလက်မှတ်သည် စက်စာရင်းတွင်ဖော်ပြထားသည့် ပုံနှိပ်စက်များ အတွက်သာလျှင် ဖြစ်စေရမည်၊

(ဃ) ထုတ်ဝေလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းတို့အတွက် အသိအမှတ်ပြုလက်မှတ်သည် ၎င်းတွင် ဖော်ပြထားသည့် လုပ်ငန်းတစ်ခုအတွက်သာလျှင် ဖြစ်စေရမည်။

၁၃။ ထုတ်ဝေခြင်းလုပ်ငန်း အမျိုးအစားများကို အောက်ပါအတိုင်း သတ်မှတ်ရမည် -

(က) သတင်းစာထုတ်ဝေခြင်း၊

(ခ) ဂျာနယ်ထုတ်ဝေခြင်း၊

(ဂ) မဂ္ဂဇင်းထုတ်ဝေခြင်း၊

(ဃ) အထွေထွေထုတ်ဝေစာထုတ်ဝေခြင်း။

## အခန်း (၃)
## ထုတ်ဝေစာများ ပေးအပ်ခြင်း

၁၄။ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ထုတ်ဝေစာတစ်ခုခုကို ပြည်တွင်းသို့တင်သွင်းသူ သို့မဟုတ် ပြည်ပသို့ တင်ပို့သူသည် စီးပွားရေးအလို့ငှာ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းဖြစ်ပါက ထုတ်ဝေစာနှင့် ပတ်သက်သော အချက်အလက်များကို ပုံစံ ၁၀ တွင် ပြည့်စုံစွာဖြည့်စွက်၍ တင်သွင်းသည့်နေ့ရက် သို့မဟုတ် တင်ပို့သည့်နေ့ရက်မှစ၍ ၁၀ ရက်အတွင်း ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၁၅။ (က) ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ မည်သည့်ထုတ်ဝေစာကိုမဆို ထုတ်ဝေသူသည် အဆိုပါ ထုတ်ဝေစာ ၄ အုပ် သို့မဟုတ် ၄ စောင်နှင့် Electronic Document ကို ဖြန့်ချိသည့်နေ့ရက်မှ စ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်။

(ခ) ဝန်ကြီးဌာနသည် နည်းဥပဒေခွဲ (က) အရ ပေးအပ်သည့်ထုတ်ဝေစာများနှင့် Electronic Document ကို မှတ်တမ်းတင်ထိန်းသိမ်းရန်အလို့ငှာ အောက်ပါအတိုင်း ခွဲဝေပေးရမည် -

| | | |
|---|---|---|
| (၁) | မူပိုင်ခွင့်နှင့်စာအုပ်စာရင်း | ၂ အုပ်သို့မဟုတ် ၂ စောင်နှင့် Electronic Document၊ |
| (၂) | အမျိုးသားစာကြည့်တိုက် | ၁ အုပ် သို့မဟုတ် ၁ စောင်၊ |
| (၃) | အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | ၁ အုပ် သို့မဟုတ် ၁ စောင်။ |

၁၆။ (က) ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ ပေးပို့သော ထုတ်ဝေစာများနှင့်စပ်လျဉ်း၍ ဌာနတွင်ထားရှိရမည့် စာအုပ်စာရင်းတွင် စာအုပ်အမျိုးအစားအလိုက် စာအုပ်အသီးသီးနှင့် သက်ဆိုင်သောအကြောင်းအရာ မှတ်တမ်းကို ရေးသွင်းရမည်။

(ခ) ဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာရင်းတွင် ရေးသွင်းထားပြီးသော မှတ်တမ်းများကို ထိုပြက္ခဒိန်နှစ် ကုန်ဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ထုတ်ပြန်ရမည်။

## အခန်း (၄)
## အထွေထွေ

၁၇။ နိုင်ငံအတွင်း ပုံနှိပ်သည့် သတင်းစာ၊ သတင်းလွှာ၊ သတင်းစဉ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များအပေါ်တွင် ပုံနှိပ်တိုက်အမည်နှင့် အသိအမှတ်ပြုလက်မှတ်အမှတ်၊ ထုတ်ဝေသူ၏အမည်နှင့် အသိအမှတ်ပြုလက်မှတ်အမှတ်၊ စာပေတိုက်အမည်နှင့် လိပ်စာတို့ကို တိကျမှန်ကန်စွာဖော်ပြရမည်။

၁၈။ နိုင်ငံအတွင်း ပုံနှိပ်ထုတ်ဝေသည့် သတင်းစာ၊ ဂျာနယ်နှင့်မဂ္ဂဇင်းများတွင် အယ်ဒီတာအဖွဲ့၏ အမည်စာရင်းကို မြင်သာသည့် နေရာတွင် ထည့်သွင်းဖော်ပြရမည်။

၁၉။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိသူများသည် ဥပဒေပုဒ်မ ၂၄ အရ ယင်းလက်မှတ်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပုံစံ ၁၂ ဖြင့် ဝန်ကြီးဌာနသို့လျှောက်ထား၍ အခကြေးငွေကျပ်ငါးသောင်း ပေးသွင်းပြီး အသိအမှတ်ပြုလက်မှတ်အသစ် လဲလှယ်ရယူကြရမည်။ ဝန်ကြီးဌာနသည် ငွေသွင်းချလန်ရရှိသည့် နေ့ရက်မှစ၍ ၁၄ ရက်အတွင်း အသိအမှတ်ပြုလက်မှတ် အသစ်ထုတ်ပေးရမည်။

၂၀။ လုပ်ငန်းလုပ်ကိုင်သူသည် လျှောက်လွှာပုံစံတွင် ဖော်ပြထားသော အကြောင်းအရာ အချက်အလက်များတွင် အပြောင်းအလဲများရှိလျှင် ထိုသို့ ပြောင်းလဲသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ စာဖြင့် တင်ပြရမည်။

၂၁။ လုပ်ငန်းလုပ်ကိုင်သူသည် အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ လုပ်ငန်းအမည်နှင့် လုပ်ငန်းတည်ရာ လိပ်စာပြောင်းလဲခြင်း၊ လုပ်ငန်းလုပ်ကိုင်သူ သေဆုံးခြင်း သို့မဟုတ် မိသားစုမှလုပ်ငန်း အမွေဆက်ခံခြင်းတို့ဖြစ်ပါက ထိုသို့ ပျောက်ဆုံး၊ ပျက်စီးသည့် သို့မဟုတ် ပြောင်းလဲသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်းပြီး ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။ ဝန်ကြီးဌာနသည် ငွေသွင်းချလန်ရရှိသည့် နေ့ရက်မှစ၍ ၁၄ ရက်အတွင်း အသိအမှတ်ပြုလက်မှတ်အသစ် ထုတ်ပေးရမည်။

၂၂။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

**ပုံစံ ၁**

**ကျပ် ၃၀၀ တန် ရုံးခွန်တံဆိပ်ခေါင်းကပ်ရန်**

**ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန်လျှောက်လွှာ**
**[နည်းဥပဒေ ၄ (ခ)]**

သို့

ပြန်ကြားရေးဝန်ကြီးဌာန

အကြောင်းအရာ။ **ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပါရန် အောက်ပါအချက်အလက်များဖော်ပြ၍ လျှောက်လွှာမိတ္တူတစ်စောင်နှင့်အတူ လျှောက်ထားအပ်ပါသည် -

(က) ပုံနှိပ်တိုက်ပိုင်ရှင်၏အမည် သို့မဟုတ် ---------------------------------------
ကုမ္ပဏီ/အစုစပ်/အသင်းအဖွဲ့/ ---------------------------------------
ဌာနဆိုင်ရာဖြစ်ပါက တာဝန်ခံသူ၏ ---------------------------------------
အမည်၊ ရာထူး။ ---------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးလက်မှတ်/နိုင်ငံကူး ---------------------------------------
လက်မှတ်အမှတ်။ ---------------------------------------

(ဂ) အသိအမှတ်ပြုရန်လျှောက်ထားလိုသော ---------------------------------------
ပုံနှိပ်တိုက်၏အမည်။ ---------------------------------------

(ဃ) ပုံနှိပ်တိုက်တည်ရာလိပ်စာအပြည့်အစုံ၊ ---------------------------------------
ပုံနှိပ်တိုက်ခွဲများ ရှိ/မရှိ၊ ရှိလျှင် ၎င်းတို့၏ ---------------------------------------
လိပ်စာအပြည့်အစုံ။ ---------------------------------------

(င) ပုံနှိပ်တိုက်ကို မိမိတစ်ဦးတည်းပိုင်ဖြစ်သည် ---------------------------------------
သို့မဟုတ် ကုမ္ပဏီ/အစုစပ်/အသင်းအဖွဲ့/ ---------------------------------------
ဌာနဆိုင်ရာစသည်ဖြင့် ခွဲခြားဖော်ပြပါရန်။ ---------------------------------------
(ကုမ္ပဏီ/အစုစပ်/အသင်းအဖွဲ့/ဌာန ---------------------------------------
ဆိုင်ရာဖြစ်ပါက လိုအပ်သည့်အထောက် ---------------------------------------
အထားများပူးတွဲတင်ပြရန်) ---------------------------------------

---------------------------------------

---------------------------------------

၂

(စ) လျှောက်ထားခြင်းသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပါဝင်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် အမှတ်နှင့်ရက်စွဲ။ ---------------------------------------

(ဆ) လုပ်ငန်းစတင်လုပ်ကိုင်မည့် နေ့ရက်။ ---------------------------------------

(ဇ) မိမိ၏လုပ်ငန်းတွင် အသုံးပြုမည့် စက်အမျိုးအစားနှင့် စက်၏ယူနစ် စွမ်းအားနှင့် ဦးရေ။ ---------------------------------------

(ဈ) လျှောက်ထားသူနှင့် ဆက်သွယ်ရန် အမြဲတမ်းလိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ။ ---------------------------------------

(ည) ထုတ်ဝေခြင်း လုပ်ငန်းလက်ရှိ လုပ်ကိုင် နေပါက လုပ်ငန်းအမျိုးအစား၊ အမည်၊ အသိအမှတ်ပြု လက်မှတ်အမှတ်။ ---------------------------------------

၂။ ပုံနှိပ်လုပ်ငန်းအမည်၊ အမှတ်တံဆိပ်နှင့်ပတ်သက်၍ ကန့်ကွက်သူမရှိကြောင်း တာဝန်ယူပါသည်။

၃။ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာပါမည်။

၄။ သတင်းမီဒီယာကောင်စီမှ ပြဋ္ဌာန်းထားသော သတင်းမီဒီယာကျင့်ဝတ်များကို လိုက်နာပါမည်။

၅။ အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးပါသည်။

**ဓာတ်ပုံကပ်ရန်**

လျှောက်ထားသူ

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

**ပုံစံ ၂**

**ကျပ် ၃၀၀ တန် ရုံးခွန်တံဆိပ်ခေါင်းကပ်ရန်**

**သတင်းစာထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန်လျှောက်လွှာ**
**[နည်းဥပဒေ ၄ (ခ)]**

သို့

ပြန်ကြားရေးဝန်ကြီးဌာန

အကြောင်းအရာ။ **သတင်းစာထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ သတင်းစာထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပါရန် အောက်ပါ အချက်အလက်များ ဖော်ပြ၍ လျှောက်လွှာမိတ္တူတစ်စောင်နှင့်အတူ လျှောက်ထားအပ်ပါသည် -

(က) ထုတ်ဝေသူ၏အမည် သို့မဟုတ် ကုမ္ပဏီ/ အစုစပ်/အသင်းအဖွဲ့/ဌာနဆိုင်ရာ ဖြစ်ပါက တာဝန်ခံသူ၏ အမည်၊ ရာထူး။ ---------------------------------------- ---------------------------------------- ----------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးလက်မှတ်/နိုင်ငံကူး လက်မှတ်အမှတ်။ ---------------------------------------- ----------------------------------------

(ဂ) သတင်းစာအမည်၊ တိုက်တည်ရှိရာလိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ။ (သတင်းစာ၏ အမှတ်တံဆိပ်ပူးတွဲ တင်ပြရန်) ---------------------------------------- ---------------------------------------- ---------------------------------------- ----------------------------------------

(ဃ) ထုတ်ဝေမည့်သတင်းစာ၏ အဓိကဘာသာစကား။ ----------------------------------------

(င) သတင်းစာကို နေ့စဉ် သို့မဟုတ် မည်သို့ ပုံမှန်ထုတ်ဝေမည်။ ---------------------------------------- ----------------------------------------

(စ) စတင်ထုတ်ဝေမည့်နေ့ရက်။ ----------------------------------------

(ဆ) သတင်းစာ၏ ဝက်ဘ်ဆိုက်လိပ်စာ။ ----------------------------------------

(ဇ) တစ်ဦးတည်းပိုင်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီ/ အစုစပ်/အသင်းအဖွဲ့/ဌာနဆိုင်ရာ လုပ်ငန်း စသည်တို့ကို ဖော်ပြရန်။ (ကုမ္ပဏီ/အစုစပ်/အသင်းအဖွဲ့/ ဌာနဆိုင်ရာဖြစ်ပါက အထောက်အထား စာရွက်စာတမ်း တင်ပြရန်) ---------------------------------------- ---------------------------------------- ---------------------------------------- ---------------------------------------- ---------------------------------------- ----------------------------------------

၂

(ဈ) လျှောက်ထားခြင်းသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပါဝင်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် အမှတ်နှင့်ရက်စွဲ။ ----------------------------------------

(ည) ထုတ်ဝေသူတွင် ကိုယ်ပိုင်ပုံနှိပ်တိုက်ရှိလျှင် ပုံနှိပ်တိုက်အမည်၊ လိပ်စာနှင့် အသိအမှတ်ပြုလက်မှတ်အမှတ်။ ----------------------------------------

(ဋ) အခြားပုံနှိပ်တိုက်တွင် ရိုက်နှိပ်မည်ဖြစ်ပါက ပုံနှိပ်တိုက်အမည်၊ လိပ်စာနှင့် အသိအမှတ်ပြုလက်မှတ်အမှတ်။ ----------------------------------------

(ဌ) လျှောက်ထားသူနှင့် ဆက်သွယ်ရန်အမြဲတမ်းလိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ။ ----------------------------------------

(ဍ) အယ်ဒီတာအဖွဲ့ဝင်များအမည်စာရင်း။ (ပုံစံ-၂ ဇယားဖြင့် ပူးတွဲတင်ပြရန်) ----------------------------------------

(ဎ) ရရှိပြီးသော အခြားထုတ်ဝေခွင့်များနှင့် အသိအမှတ်ပြုလက်မှတ်အမှတ်။ ----------------------------------------

၂။ သတင်းစာအမည်၊ အမှတ်တံဆိပ်နှင့်ပတ်သက်၍ ကန့်ကွက်သူမရှိကြောင်း တာဝန်ယူပါသည်။

၃။ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ) ပါ အချက်များ ပူးတွဲတင်ပြပါသည်။

၄။ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာပါမည်။

၅။ သတင်းမီဒီယာကောင်စီမှ ပြဋ္ဌာန်းထားသော သတင်းမီဒီယာကျင့်ဝတ်များကို လိုက်နာပါမည်။

၆။ အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးပါသည်။

**ဓာတ်ပုံကပ်ရန်**

လျှောက်ထားသူ

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

**ပုံစံ ၂ ၏ ပူးတွဲဇယား**

**------------------------------------ သတင်းစာ၏ အယ်ဒီတာအဖွဲ့ဝင်များစာရင်း**

| စဉ် | အမည် | တာဝန် | မွေးသက္ကရာဇ် | အဘအမည် | နိုင်ငံသားစိစစ်ရေးလက်မှတ်/ နိုင်ငံကူးလက်မှတ်အမှတ် | အမြဲတမ်းနေရပ်လိပ်စာ |
|---|---|---|---|---|---|---|
| | | | | | | |

**ပုံစံ ၃**

| |
|---|
| **ကျပ် ၃၀၀ တန် ရုံးခွန်တံဆိပ်ခေါင်းကပ်ရန်** |

**ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန်လျှောက်လွှာ**
**[နည်းဥပဒေ ၄ (ခ)]**

သို့

ပြန်ကြားရေးဝန်ကြီးဌာန

အကြောင်းအရာ။ **ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပါရန် အောက်ပါအချက်အလက်များ ဖော်ပြ၍ လျှောက်လွှာမိတ္တူတစ်စောင်နှင့်အတူ လျှောက်ထားအပ်ပါသည် -

(က) ထုတ်ဝေသူ၏အမည် သို့မဟုတ် ကုမ္ပဏီ/ ----------------------------------------
အစုစပ်/အသင်းအဖွဲ့/ဌာနဆိုင်ရာဖြစ်ပါက ----------------------------------------
တာဝန်ခံသူ၏ အမည်၊ ရာထူး။ ----------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးလက်မှတ်/နိုင်ငံကူး ----------------------------------------
လက်မှတ်အမှတ်။ ----------------------------------------

(ဂ) ဂျာနယ်အမည်၊ တိုက်တည်ရှိရာလိပ်စာ၊ ----------------------------------------
တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ။ ----------------------------------------
(ဂျာနယ်၏ အမှတ်တံဆိပ်ပူးတွဲတင်ပြရန်) ----------------------------------------

(ဃ) ထုတ်ဝေမည့် ဘာသာရပ်နှင့် ----------------------------------------
အဓိကဘာသာစကား။ ----------------------------------------

(င) အပတ်စဉ် သို့မဟုတ် မည်သို့ ထုတ်ဝေမည်။ ----------------------------------------

(စ) စတင်ထုတ်ဝေမည့်နေ့ရက်။ ----------------------------------------

(ဆ) ဂျာနယ်၏ ဝက်ဘ်ဆိုက်လိပ်စာ။ ----------------------------------------

(ဇ) တစ်ဦးတည်းပိုင်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီ/ ----------------------------------------
အစုစပ်/အသင်းအဖွဲ့/ဌာနဆိုင်ရာ ----------------------------------------
လုပ်ငန်းစသည်တို့ကို ဖော်ပြရန်။ ----------------------------------------
(ကုမ္ပဏီ/အစုစပ်/အသင်းအဖွဲ့/ ----------------------------------------
ဌာနဆိုင်ရာဖြစ်ပါက အထောက်အထား ----------------------------------------
စာရွက်စာတမ်း တင်ပြရန်) ----------------------------------------

၂

| | |
|---|---|
| (ဈ) လျှောက်ထားခြင်းသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပါဝင်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် အမှတ်နှင့်ရက်စွဲ။ | ---------------------------------------- |
| (ည) ထုတ်ဝေသူတွင် ကိုယ်ပိုင်ပုံနှိပ်တိုက်ရှိလျှင် ပုံနှိပ်တိုက်အမည်၊ လိပ်စာနှင့် အသိအမှတ်ပြုလက်မှတ်အမှတ်။ | ---------------------------------------- |
| (ဋ) အခြားပုံနှိပ်တိုက်တွင် ရိုက်နှိပ်မည်ဖြစ်ပါက ပုံနှိပ်တိုက်အမည်၊ လိပ်စာနှင့် အသိအမှတ်ပြုလက်မှတ်အမှတ်။ | ---------------------------------------- |
| (ဌ) လျှောက်ထားသူနှင့် ဆက်သွယ်ရန်အမြဲတမ်းလိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ။ | ---------------------------------------- |
| (ဍ) အယ်ဒီတာအဖွဲ့ဝင်များအမည်စာရင်း။ (ပုံစံ-၃ ဖယားဖြင့် ပူးတွဲတင်ပြရန်) | ---------------------------------------- |

၂။ ဂျာနယ်အမည်၊ အမှတ်တံဆိပ်နှင့်ပတ်သက်၍ ကန့်ကွက်သူမရှိကြောင်း တာဝန်ယူပါသည်။

၃။ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာပါမည်။

၄။ သတင်းမီဒီယာကောင်စီမှ ပြဋ္ဌာန်းထားသော သတင်းမီဒီယာကျင့်ဝတ်များကို လိုက်နာပါမည်။

၅။ အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးပါသည်။

| |
|---|
| **ဓာတ်ပုံကပ်ရန်** |

လျှောက်ထားသူ

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

**ပုံစံ ၃ ၏ ပူးတွဲဇယား**

**------------------------------------ ဂျာနယ်၏ အယ်ဒီတာအဖွဲ့ဝင်များစာရင်း**

| စဉ် | အမည် | တာဝန် | မွေးသက္ကရာဇ် | အဘအမည် | နိုင်ငံသားစိစစ်ရေးလက်မှတ်/ နိုင်ငံကူးလက်မှတ်အမှတ် | အမြဲတမ်းနေရပ်လိပ်စာ |
|---|---|---|---|---|---|---|
| | | | | | | |

**ပုံစံ ၄**

**ကျပ် ၃၀၀ တန် ရုံးခွန်တံဆိပ်ခေါင်းကပ်ရန်**

**မဂ္ဂဇင်းထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန်လျှောက်လွှာ**
**[နည်းဥပဒေ ၄ (ခ)]**

သို့

ပြန်ကြားရေးဝန်ကြီးဌာန

အကြောင်းအရာ။ **မဂ္ဂဇင်းထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ မဂ္ဂဇင်းထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပါရန် အောက်ပါအချက်အလက်များ ဖော်ပြ၍ လျှောက်လွှာမိတ္တူတစ်စောင်နှင့်အတူ လျှောက်ထားအပ်ပါသည် -

(က) ထုတ်ဝေသူ၏အမည် သို့မဟုတ် ကုမ္ပဏီ/ အစုစပ်/အသင်းအဖွဲ့/ဌာနဆိုင်ရာဖြစ်ပါက တာဝန်ခံသူ၏ အမည်၊ ရာထူး။ ----------------------------------------
----------------------------------------
----------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးလက်မှတ်/နိုင်ငံကူး လက်မှတ်အမှတ်။ ----------------------------------------
----------------------------------------

(ဂ) မဂ္ဂဇင်းအမည်၊ တိုက်တည်ရှိရာလိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ။ (မဂ္ဂဇင်း၏ အမှတ်တံဆိပ်ပူးတွဲတင်ပြရန်) ----------------------------------------
----------------------------------------
----------------------------------------

(ဃ) ထုတ်ဝေမည့် အဓိကဘာသာစကား။ ----------------------------------------
----------------------------------------

